ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ထုတ်ပြန်ကြေညာချက် (၁၆/၂၀၂၁)
၁၃၈၃ ခုနှစ် တော်သလင်းလကွယ်နေ့
(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်)

**သစ်အခြေခံ အသုံးပြု (သစ်စက်၊ သစ်အချောထည်စက်နှင့် ပရိဘောဂ) လုပ်ငန်းလိုင်စင်များအား ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်အထိ သက်တမ်း (၁) နှစ် တိုးမြှင့်ခွင့်ပြုခြင်း**

၁။ မြန်မာနိုင်ငံအတွင်း COVID-19 ကပ်ရောဂါ ကူးစက်ပြန့်ပွားမှု ထိန်းချုပ်ရေး လုပ်ငန်းစဉ်များကြောင့် စီးပွားရေးလုပ်ငန်းများ ကောင်းမွန်ချောမွေ့စွာ လည်ပတ်နိုင်မှု မရှိသေးသည့်အပြင် အကြမ်းဖက်စစ်ကောင်စီ၏ အဓမ္မဖိနှိပ်ချုပ်ချယ်မှုများနှင့် ဥပဒေမဲ့၊ အဆင်အခြင်မဲ့ ဆောင်ရွက်ချက်များကြောင့် လုပ်ငန်းရှင်နှင့် ပြည်သူအများအပြားသည် စီးပွားရေး၊ လူမှုရေးနှင့် ကျန်းမာရေး အခက်အခဲများ ကြုံတွေ့ရင်ဆိုင်နေကြရသည်။ သို့သော်လည်း အချုပ်အခြာအာဏာကို အဓမ္မသိမ်းပိုက်ထားသော အကြမ်းဖက်စစ်ကောင်စီကမူ ၎င်းတို့ အာဏာသက်ရောက်ရေးနှင့် ဝင်ငွေရရှိရေးအတွက်သာ ရေးရှူကြိုးစားလျက်ရှိရာ သစ်တောဦးစီးဌာနမှ ခွင့်ပြုထားသည့် သစ်အခြေခံ အသုံးပြု လုပ်ငန်းလိုင်စင်များအား သတ်မှတ်အခွန်အခများ ပေးသွင်း၍ သက်တမ်းတိုးဆောင်ရွက်ရန် လုပ်ငန်းရှင်များကို ဖိအားပေး ခြိမ်းခြောက်လျက်ရှိပါသည်။

၂။ အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် အကြမ်းဖက်စစ်ကောင်စီထံသို့ ဝင်ငွေနှင့် အထောက်အပံ့များ စီးဆင်းမှုမရှိစေရေးအတွက် ယင်းလက်အောက်ခံ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပူးပေါင်းဆောင်ရွက်ခြင်း မပြုကြရန် ထုတ်ပြန်ကြေညာချက် (၂/၂၀၂၁) ဖြင့် ပုဂ္ဂလိက ကုမ္ပဏီ/လုပ်ငန်းရှင်များအား အသိပေးတိုက်တွန်း ထားပြီးဖြစ်ပါသည်။

၃။ ထို့အပြင် အကြမ်းဖက်စစ်ကောင်စီလက်အောက်ခံ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနအောက်ရှိ မြန်မာ့သစ်လုပ်ငန်းမှ လေလံတင်ရောင်းချသော သစ်လုံး/ သစ်ခွဲသားများ ဝယ်ယူခြင်းမပြုရန်နှင့် သစ်တောဦးစီးဌာနက စီမံခန့်ခွဲခွင့်ရှိသောမြေတွင် ပုဂ္ဂလိကစိုက်ခင်းတည်ထောင်ခြင်း၊ ရွှေနှင့် အခြားဓါတ်သတ္တု တူးဖော်ဆောင်ရွက်ခြင်းတို့အတွက် သစ်တောမြေငှားရမ်းခနှင့် အခြားအခွန်အခများ ပေးသွင်းခြင်း၊ လုပ်ငန်းခွင့်ပြုမိန့် အသစ်ထပ်မံ လျှောက်ထားခြင်းများမပြုလုပ်ကြပါရန် ပုဂ္ဂလိကလုပ်ငန်းရှင်များအား မေတ္တာရပ်ခံ ကြေညာခဲ့ပြီး ဖြစ်ပါသည်။

၄။ လက်ရှိမြန်မာနိုင်ငံတဝှမ်းတွင် အကြမ်းဖက်စစ်ကောင်စီက ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်ကို ပိုမိုဆိုးရွားစွာအန္တရာယ်ပြုလာပြီး ပြည်သူများက နည်းလမ်းပေါင်းစုံဖြင့် ခုခံတွန်းလှန် လျက်ရှိခြင်းကြောင့် နိုင်ငံတော်အရေးပေါ်အခြေအနေအဖြစ် အမျိုးသားညီညွတ်ရေးအစိုးရက သတ်မှတ်ကြေညာကာ ရုံးဌာနအားလုံးကိုလည်း ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ (၇) ရက်မှစတင်၍ ရက်အကန့်အသတ်မရှိ အလုပ်ပိတ်ရက်အဖြစ် သတ်မှတ်ထားပြီး ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ လက်ရှိ (၂၀၂၀-၂၀၂၁) ဘဏ္ဍာရေးနှစ်အထိ လုပ်ငန်းခွင့်ပြုမိန့်ရရှိထားသော သစ်အခြေခံအသုံးပြု (သစ်စက်၊ သစ်အချောထည်စက်နှင့် ပရိဘောဂ) လုပ်ငန်းခွင့်ပြုမိန့် လိုင်စင်များ၏ ခွင့်ပြုသက်တမ်းအား ဤဘဏ္ဍာနှစ်ကုန်ဆုံးချိန်မှ (၂၀၂၁-၂၀၂၂) ဘဏ္ဍာရေးနှစ် အထိ (၁ နှစ်) သတ်မှတ် အခွန်အခများ ပေးသွင်းရန်မလိုဘဲ သက်တမ်းတိုးမြှင့်ခွင့်ပြုလိုက်သည်။ လိုင်စင်သက်တမ်း တိုးမြှင့်ခွင့်ပြုထားသည့်ကာလအတွင်း လိုင်စင်ပါ ညွှန်ကြားချက်များအား လိုက်နာခြင်းမရှိပါက ထိရောက်စွာအရေးယူသွားမည် ဖြစ်ကြောင်းနှင့် လိုင်စင်ပါ ညွှန်ကြားချက် များကို ကျော်လွန်၍ လုပ်ဆောင်နေသည့် လုပ်ငန်းရှင်များအားလည်း ပြည်သူများက သတင်းပေး တိုင်ကြားနိုင်ပါကြောင်း ထုတ်ပြန်ကြေညာလိုက်သည်။

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန<br>အမျိုးသားညီညွတ်ရေးအစိုးရ